ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

သံပုရာအင်းလေးကွက်သစ်ကျေးရွာ၊ ကဇင်းကြီးအုပ်စု

၂၀၁၇ခုနှစ်

ကြံခင်းမြို့

## မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)


၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ






(သမ္ဘရာအင်းလေးကွက်သစ်)ကျေးရွာတည်နေရာပြမြေပုံ

ကြံခင်းမြို့နယ်

ကဇင်းကြီး ကျေးရွာအုပ်စု

**ကဇင်ကြီး ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း**

၁။ ကဇင်ကြီး
၂။ကြို့ကြာတန်း
၃။သဘ္ဘရာအင်းကြီး
၄။သဘ္ဘရာအင်းလေး
၅။သဘ္ဘရာအင်းလေး ကွက်သစ်
၆။ရှမ်းတောင်ယာ

## သမ္ဘူရာအင်းလေးကွက်သစ်ကျေးရွာ၏ အခြေခံအချက်အလက်များ

သမ္ဘူရာအင်းလေးကွက်သစ်ကျေးရွာသည် ကြံခင်း၊ ဆိပ်ဖြူကား လမ်းဘေးတွင်တည်ရှိ၍ ကြံခင်းမြို့နှင့် (၃) ဖာလုံခန့်သာကွာဝေးသော ရွာတစ်ရွာဖြစ်သည်။ အိမ်ထောင်စု (၅၂) အိမ်ရှိ၍ လူဦးရေ (၂၂၉) ဦးတို့နေထိုင်ကြသည်။ တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများဖြစ်ကြသည်။

ကျေးရွာတွင် မူလတန်းကျောင်း၊ မူကြိုကျောင်းမရှိ၍ သမ္ဘူရာအင်းလေးကျေးရွာသို့ သွားရောက်သင်ကြားရသည်။ ကျေးရွာတွင် ဘာသာရေး အဆောက်အဦးအနေဖြင့် ဓမ္မာရုံ (၁) ရုံ ရှိသည်ကိုတွေ့ရသည်။

ကျေးရွာအတွင်းတွင် လက်သမား၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ရေပိုက်သွယ်သူ၊ စက်ပြင်ဆရာတို့ ရှိသည်ကို သိရသည်။

ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းအပြင် world vision အဖွဲ့အစည်း၊ ကျေးရွာမီးလင်းရေးအဖွဲ့ တို့က ကျေးရွာအတွက် ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်နေသည်ကို သိရသည်။


သမ္ဘူရာအင်းလေးကွက်သစ်ကျေးရွာသည် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းမရှိသော ကျေးရွာဖြစ်သည်ကို သိရှိရပါသည်။

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၄.၁၂.၂၀၁၉ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၆ | ၆ | ၁၂ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>- လူမှုအဆောက်အအုံများ<br>- ဘာသာရေးအဆောက်အဦးများ<br>- လမ်းပန်းဆက်သွယ်ရေးများ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၄.၁၂.၂၀၁၉ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၉ | ၄ | ၁၃ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၄.၁၂.၂၀၁၉ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၅ | ၇ | ၁၂ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွား |
| ၄။ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၄.၁၂.၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၅ | ၅ | ၁၂ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက်နေပုံ။ |
| ၅။ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၄.၁၂.၂၀၁၉ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၆ | ၆ | ၁၂ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br><br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေး ရရှိနိုင်မှုအပေါ် သုံးသပ်ခြင်း |
| ၆။ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၄.၁၂.၂၀၁၉ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၅ | ၆ | ၁၁ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇။ | အခက်အခဲပြသနာ (Problem) | ၅.၁၂.၂၀၁၉ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၈ | ၃၇ | ၆၅ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၄.၁၂.၂၀၁၉ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၈ | ၃၇ | ၆၅ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉။ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၅.၁၂.၂၀၁၉ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက်ရောက်သူ အားလုံး | ၃၃ | ၃၃ | ၄၆ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့် -လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ</u>




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

# လူမှုနှင့် သဘာဝအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

## ရွာတွင်း သဘာဝ အရင်းအမြစ်များ

ဝါးတော၊ ကျွန်းစိုက်ခင်းများ ရှိနေသည်ကို တွေ့ရသည်။ လူထုဗဟိုပြုစီမံကိန်းမှ ဆောက်ပေးသော ဓါတ်ရေတွင်း၊ ရေကန်၊ World vision မှ ဆောက်ပေးသော ရေစင်၊ ရေကန်တို့ဖြင့် သောက်သုံးရေအတွက် ဖူလုံသော ကျေးရွာဖြစ်သည်ကို တွေ့ရှိရသည်။

## လူမှုအဆောက်အဦးများ

ကျေးရွာတွင် ဘာသာရေးအဆောက်အဦးအနေဖြင့် ဘုန်းကြီးကျောင်း၊ စမ္ပာဂုံတို့ရှိသည်ကို တွေ့ရသည်။ မူလတန်းကျောင်းမှလွဲ၍ ကျောင်းများမရှိ၍ သမ္ဘာရာအင်းလေးကျေးရွာသို့ သွားရောက်ပညာသင်ကြားရသည်။

## လမ်းပန်းဆက်သွယ်ရေး


ကျေးရွာမှာ ကြံခင်း - ဆိပ်ဖြူ လမ်းမကြီးဘေးတွင် တည်ရှိ၍ ကြံခင်းမြို့နှင့် (၄၅) မိနစ်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာတစ်ရွာဖြစ်သည်။ ရွာတွင်းလမ်းမှာ ချောင်းကျောက်ခင်းလမ်းဖြစ်သည်။

## ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး

သမ္ဘာရာအင်းလေးကွက်သစ် ကျေးရွာသည် ကြံခင်းမြို့နှင့် အလှမ်းမဝေးသောကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ အခက်အခဲမရှိသည်ကို တွေ့ရသည်။ လယ်၊ ကိုင်းအရင်းအမြစ်အားပါး၍ ဈေးရောင်းသော လုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ ပန်းစိုက်ပျိုးခြင်း၊ သနပ်ခါးခြဲလုပ်ငန်းတို့ကို အသက်မွေးကြသည်ကို တွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (၁) <u>ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>



ရာသီခွင်ပြက္ခဒိန်

## ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

### ရာသီဥတု

တပေါင်း၊ တန်ခူးလများသည် အပူဆုံးလများဖြစ်၍ နယုန်လမှ သီတင်းကျွတ်လအထိ မိုးရွာသွန်းနေသည်ကို တွေ့ရသည်။ တန်ဆောင်မုန်းလမှ တပို့တွဲလအထိသည် နှင်းများကျ၍ အေးချမ်းသောရာသီဖြစ်သည်။

### အလုပ်အကိုင်နှင့်ဝင်ငွေ

တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန် စသော ပွင့်လင်းရာသီများတွင် ဈေးရောင်းသောလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မိုးရာသီတွင် ကောက်စိုက်ခြင်း၊ တော်သလင်းလတွင် ထင်းခွေခြင်း၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ကောက်ရိတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အများစုမှာ ဈေးရောင်းသောလုပ်ငန်း၊ ကျပန်းလုပ်ငန်းများနှင့် အသက်မွေးကြသောကြောင့် (၁၂)လတွင် ဝင်ငွေ ကွာခြားမှုမရှိသည်ကို တွေ့ရသည်။ အားလပ်ချိန်မှာ မရှိသလောက် ရှားပါးသည်။

### ပွဲတော်

ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံအတိုင်း ရာသီအလိုက် ပွဲတော်များကျင်းပကြသည်ကို တွေ့ရသည်။

### ကျန်းမာရေး


မိုးဦးရာသီ နယုန်၊ ဝါဆိုလများတွင် မျက်စေ့နာခြင်း၊ တုတ်ကွေးဖြစ်ခြင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ချောင်းဆိုးခြင်းများ ဖြစ်လေ့ရှိသည်။

### ဒေသထွက်အစားအစာ

တန်ခူးလမှ ဝါဆိုလအထိတွင် အစားအစာများပေါများသည်ကို တွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်



ဥစ္စာဓနကြွယ်ဝမှုဇယား ရက်စွဲ- ၄.၁၂.၁၆

ကရင်ကြီးအုပ်စု၊ သံဃာရာအင်းလေးကျွက်သစ်ကျေးရွာ

| အဆင့် | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | သစ်သားအိမ် (သွပ်မိုး)၊ ...၊ လယ် (၅) ဧက၊ ကိုင်း (၁၁) ဧက၊ နွား (၁) ရှဉ်း၊ ရေနုတ်စက်၊ ဆိုင်ကယ်၊ တက္ကသိုလ်ပြီးသည်အထိ ကျောင်းထားနိုင်၊ အကြွေး အသင့်အတင့်ရှိ၊ တစ်နှစ်လုံး ပြန့်နှံ့နေထိုင်။ | ၂၅ | ၃၄.၇၂% |
| အသင့်အတင့် (အလယ်အလတ်) | သစ်သားအိမ် (သွပ်မိုး)၊ ဆိုင်ကယ်၊ စက်ဘီး၊ ဖုန်း၊ လယ် (၂) ဧက၊ နွား၊ ကြက်၊ ဝက်မွေးမြူ၊ အကြွေးအသင့်ရှိ၊ တက္ကသိုလ်အထိထားနိုင်၊ တစ်နှစ်လုံး ပုံမှန်နေထိုင်။ | ၂၀ | ၂၇.၇၇% |
| မပြေလည်သော အုပ်စု | ဝါးခင်း၊ ထရံကာ၊ သွပ်မိုး၊ ဆိုက်ကား၊ စက်ဘီး၊ ဖုန်း၊ ဆိုက်ကား၊ နွား၊ ကြက်၊ ဝက်မွေး၊ ကျပန်းအလုပ်လုပ်ကိုင်၊ အကြွေးအသင့်ရှိ၊ အလယ်တန်းအဆင့်ထိကျောင်းထားနိုင်၊ တစ်နှစ်လုံး ပုံမှန်နေထိုင်။ | ၁၂ | ၁၆.၆၇% |
| နွမ်းပါးသော အုပ်စု | ဝါးအိမ် (သက်ကယ်မိုး)၊ စက်ဘီး၊ ဖုန်း၊ ကြက်၊ ဝက်၊ ကျပန်းအလုပ်လုပ်ကိုင်၊ အကြွေးအသင့်အတင့်ရှိ၊ မူလတန်းအဆင့်ထိ ကျောင်းထားနိုင်၊ တစ်နှစ်လုံးပြန့်နှံ့နေထိုင်၊ မသန်စွမ်းများရှိ။ | ၁၅ | ၂၀.၈၃% |

လူထုစည်းရုံးရေးမှူး - ဒေါ်ကြည်ကလေး   ပါဝင်ရေးဆွဲသူ - ကျား - ၇၂ ၊ မ - (၇) ဦး

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

# လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းအား သုံးသပ်ချက်


သမ္ဘာကုန်းစေးကွက်သစ် ကျေးရွာတွင် ချမ်းသာသောအုပ်စုမှာ (၂၅) အိမ်ရှိပြီး အုတ်အိမ်၊ ထော်လာဂျီ၊ လယ် (၅) ဧက၊ ကိုင်း (၁) ဧက၊ ရေစုပ်စက်၊ ဆိုင်ကယ် တို့ကို ပိုင်ဆိုင်ကြပြီး သားသမီးများအား တက္ကသိုလ်ပြီးသည်အထိ ကျောင်းထားနိုင်သည်ကို တွေ့ရသည်။

ကျေးရွာ၏ နွမ်းပါးဆုံးသောအုပ်စုမှာ (၁၅) အိမ်ရှိပြီး ဝါးအိမ်၊ (သက်ကယ်မိုး) အိမ်၊ စက်ဘီး၊ ကြက်၊ ဝက် တို့ကို ပိုင်ဆိုင်ကြပြီး ကျပန်းလုပ်ငန်းတို့ကိုသာ လုပ်ကိုင်ကြရသည်။ ကလေးများအား မူလတန်းအောင်သည် အထိသာ ထားနိုင်သည်ကို တွေ့ရသည်။ ကျန်အုပ်စုများမှာ အလယ်အလတ် အုပ်စုများဖြစ်ကြသည်။

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူတန်းစားမျိုးစုံ ပါဝင်နိုင်ရန် အထောက်အကူပြုနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။ ထို့ပြင် ကျေးရွာ၏ (၂၀) ရာခိုင်နှုန်းခန့်ရှိသော နွမ်းပါးသော အုပ်စုများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ဦးစားပေး ပါဝင်စေခြင်းဖြင့် ၎င်းတို့၏ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပြီး ဝင်ငွေများတိုးလာကာ ဆင်းရဲမှုကို တစ်စိတ်တစ်ပိုင်း လျှော့ချပေးနိုင်မည် ဖြစ်ပေသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

# အဖွဲ့အစည်းချိတ်ဆက်ပြပုံ သုံးသပ်ချက်

ကျေးရွာတွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများပါဝင်သော အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျေးရွာဖွံ့ဖြိုးရေးတွင် အဓိက ဦးဆောင်သည်။ ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများရှိသည်ကို တွေ့ရသည်။

ပရိတ်သင်းအဖွဲ့၊ ဂေါပကအဖွဲ့တို့သည် ကျေးရွာအတွင်းရှိ သာရေးနာရေး၊ ဘာသာရေးများအတွက်တွက် ပူးပေါင်းဆောင်ရွက်ကြသည်။ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့၊ ငွေစုငွေချေး အဖွဲ့တို့တွင် လူငယ်များဖြင့်ဖွဲ့စည်းထားပြီး ဝေါလ်ဗီးရှင်းအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။


ကျေးရွာတွင် မီးသတ်အဖွဲ့မှာ အနည်းငယ်သာရှိပြီး အခြားရွာများရှိ အရံမီးသတ်အဖွဲ့များနှင့် ပူးပေါင်းကာ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ဆက်သွယ်မှုများရှိသည်ကို တွေ့ရသည်။

မီးလင်းရေးအဖွဲ့မှာ မြို့နယ် EPC ရုံးနှင့် ဆက်သွယ်ကာ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှာ အမျိုးသား၊ အမျိုးသမီးအချိုးညီစွာ ဖွဲ့စည်းထားပြီး လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

အဖွဲ့အစည်းချိတ်ဆက်ပြပုံ ရေးဆွဲခြင်းဖြင့် ကျေးရွာလူထုအနေဖြင့် မိမိတို့ကျေးရွာတွင်ရှိသော အဖွဲ့အစည်းအသီးသီးကို လေ့လာခွင့်ရရှိပြီး မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို သိရှိနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (၄)ပင့်ကူအိမ်နှင့် သုံးသပ်ချက်



ပင့်ကူအိမ်ကွန်ယက်

# ပင့်ကူအိမ်ကွန်ယက် သုံးသပ်ချက်

သမ္ဘာရအင်းဆေးကွက်သစ်ကျေးရွာ၏ အမျိုးသမီးများသည်
ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသားများထက် အားသာချက်ရှိ
သော်လည်း အုပ်ချုပ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းတို့တွင် အမျိုး
သားများနည်းတူ အခွင့်အရေး မရရှိသည်ကို တွေ့ရသည်။ သို့သော်
အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးလက်လှမ်းမီသော
ကြောင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုတွင် အမျိုးသားများနှင့်တန်း
တူအခွင့်အရေးရသည်ကို တွေ့ရသည်။


အမျိုးသမီးတို့သည် အလုပ်အကိုင်အခွင့်လမ်းနည်းပါးသော
ကြောင့် ဝင်ငွေရရှိမှုနည်းပါးကာ ယုံကြည်မှုတွင် အမျိုးသားများထက်
အားနည်းနေသည်ကို တွေ့ရသည်။

အမျိုးသမီးတို့သည် အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်များစွာ
ပေးနေရသောကြောင့် ဝင်ငွေရရှိမှု လျော့နည်းသော်လည်း ငွေကြေးစု
ဆောင်းမှုတွင် အမျိုးသားများထက် ရာခိုင်နှုန်းများစွာ အားသာနေ
သည်ကို တွေ့ရသည်။

အိမ်တွင်းမှုလုပ်ငန်းများတွင် အမျိုးသမီးများအား အမျိုးသား
များက ဝိုင်းဝန်းကူညီပေးမည်ဆိုပါက အမျိုးသမီးတို့၏ အလုပ်အကိုင်
အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး ကျေးရွာမှာ ပိုမို ဖွံ့ဖြိုးလာနိုင်
သည်ဟု သုံးသပ်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (၁) အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်



အရင်းအမြစ်များအပေါ်အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

# အရင်းအမြစ်များအပေါ် ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု သုံးသပ်ချက်

သမ္ဘာရာအင်းလေးကွက်သစ်ကျေးရွာ၏ အမျိုးသားများသည် နွား၊ လှည်း၊ ထော်လာဂျီ၊ ကားလုံးကွင်းတို့ကို သီးသန့်အသုံးပြုကြပြီး ၊ မိမိတို့ သီးသန့်အသုံးပြုသော အရင်းအမြစ်များသာမက နှစ်ဦးလုံးအသုံးပြုသော လယ်၊ ကိုင်း၊ ဆိုင်ကယ်၊ ရေတွင်း၊ ရေကန်တို့ကိုပါ ထိန်းချုပ်၊ လွှမ်းမိုးကြသည်ကို တွေ့ရသည်။


အမျိုးသမီးများမှာ အပ်ချုပ်စက်ကို သီးသန့်အသုံးပြုပြီး သီးသန့်ထိန်းချုပ်ကြသည်ကို တွေ့ရသည်။

ကျန်ရှိသောအရင်းအမြစ်များကိုမူ နှစ်ဦးလုံးအသုံးပြုပြီး၊ နှစ်ဦးလုံးတို့က ထိန်းချုပ်၊ ဆုံးဖြတ်ကြသည်ကို တွေ့ရသည်။

သမ္ဘာရာအင်းလေးကွက်သစ် ကျေးရွာ၏ အမျိုးသားများသည် အမျိုးသမီးများအပေါ် များစွာလွှမ်းမိုးမှုရှိပြီး ၊ အမျိုးသမီးများမှာ ဆုံးဖြတ်ခွင့်၊ ထိန်းချုပ်ခွင့် တန်းတူမရရှိသည်ကို တွေ့ရသည်။

အရင်းအမြစ်များအပေါ် ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှုတို့ကို ရေးဆွဲခြင်းအားဖြင့် ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးတို့၏ အရင်းမြစ်များအပေါ် ထိန်းချုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်တို့ သေချာစွာ ရရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျား၊ မ ရေးရာ ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

## (ဆ) အမျိုးသား၊အမျိုးသမီးအုပ်စုများ၏ အခက်အခဲ ပြဿနာများ





အခက်အခဲ ပြဿနာများ

# အခက်အခဲ / ပြဿနာ အပေါ် သုံးသပ်ချက်

အခက်အခဲ၊ ပြဿနာများကို အမျိုးသား၊ အမျိုးသမီး အဖွဲ့ခွဲ၍ ဆွေးနွေး တင်ပြစေခဲ့သည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက အခက်အခဲမှာ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း ဖြစ်ပြီး လယ်ယာ အရင်းအမြစ်ရှားပါးခြင်းကြောင့် ဖြစ်သည်ဟု ဖော်ထုတ်ခဲ့ကြသည်။ နေ့စားလုပ်ငန်း၊ ကျပန်းလုပ်ငန်းများသာ လုပ်ကိုင်နေရသောကြောင့် ဝင်ငွေရရှိမှုနည်းပါးကာ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုအခက်အခဲတို့အပေါ် မူတည်၍ မိမိတို့ကျေးရွာ ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်မီးလင်းရန်၊ ရွာတွင်းလမ်းများကောင်းမွန်ရန်၊ အသက်မွေးဝမ်းကျောင်း ပညာ သင်တန်းများ သင်ယူရန် တို့ကို မျှော်မှန်းချက်များထားရှိကြသည်။ ထို့ပြင် အကြီးစား ချေးငွေ၊ အသေးစားချေးငွေ၊ မွေးမြူရေးအထောက်အပံ့ စသော ဖွံ့ဖြိုးရေးလုပ်ငန်း များကို ဖော်ထုတ်နိုင်ခဲ့ကြသည်ကို တွေ့ရသည်။

## (၈) ကျေးရွာ(အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်




ကျေးရွာမျှော်မှန်းချက်များ

# ကျေးရွာ(၄)ရွာစာမျှော်မှန်းချက်များသုံးသပ်ချက်

ကျေးရွာ (၄) ရွာစာ မျှော်မှန်းချက်များကို အမျိုးသား၊ အမျိုးသမီး အုပ်စုခွဲ၍ ဖော်ထုတ်စေခဲ့ရာ မိမိတို့ကျေးရွာ၏ လိုအပ်ချက်များပေါ် မူတည်၍ ဖော်ထုတ်ခဲ့ကြသည်။


အမျိုးသားများ၏ မျှော်မှန်းချက်များမှာ ① ရွာတွင်းကွန်ကရစ်လမ်းခင်းရန် ② အိမ်တိုင်ရာရောက် ရေရရှိရန် ③ ဘောလုံးကွင်းအဆင့်မြှင့်တင်ရန် ④ မူကြိုကျောင်းရှိရန် ⑤ အသက်မွေးဝမ်းကြောင်းသင်တန်းများရှိရန်တို့ ဖြစ်သည်ကို တွေ့ရသည်။

အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ ① လျှပ်စစ်မီးလင်းရန် ② စာကြည့်တိုက်ရရှိရန် ③ ကျန်းမာရေးဆေးပေးခန်းရှိရန် ④ အပ်ချုပ်စက်သင်တန်းများတက်ရောက်နိုင်ရန် တို့ဖြစ်သည်ကို တွေ့ရသည်။

ကျေးရွာမျှော်မှန်းချက်များကို ဖော်ထုတ်ခြင်းအားဖြင့် မိမိတို့ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို ကောင်းစွာရေးဆွဲနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။


ကျေးရွာအမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

ဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

(၅) ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်




က

## ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအပေါ် သုံးသပ်ချက်

ကျေးရွာ၏ လူမှုစီးပွားချက်များအရ မိမိတို့ကျေးရွာ၏ အခက်အခဲများ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား ကောင်းစွာဖော်ထုတ်နိုင်ခဲ့သည်။ ကျေးရွာတွင် လိုအပ်နေသော လျှပ်စစ်မီးလင်းရေးအတွက် အထောက်အပံ့၊ ရွာတွင်း လမ်းချောင်းကျောက်ခင်းခြင်း၊ ရွာတွင်းကျောက်ချောလမ်း၊ အိမ်တိုင်ယာရောက်ရေပေးဝေရေး၊ အသေးစားချေးငွေ၊ အကြီးစားချေးငွေ၊ မွေးမြူရေးအတွက် အထောက်အပံ့၊ ကိုယ်ဝန်ဆောင်များအတွက် အရေးပေါ် ဆိုင်ကယ် ဂွန်ခေါင်းတို့ကို ဦးစားပေး ဖော်ထုတ်ခဲ့သည်ကို တွေ့ရသည်။

ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို မဲခွဲစနစ်ဖြင့် ရွေးချယ်သုံးဖြတ်ခဲ့ကြသည်။ မဲခွဲစနစ်ဖြင့် ရွေးချယ်ရာတွင် မဲအရေအတွက် (၁၇၄) မဲဖြင့် မီးကြိုး၊ ကြွေသီး လက်ရန်း၊ ဓာတ်တိုင်ကွန်ကရစ်လောင်းခြင်း လုပ်ငန်းက ဦးစားပေး (၁) နေရာ ရရှိခဲ့သည်။ ဦးစားပေး (၂) ရွာတွင်းချောင်းကျောက် ကွန်ကရစ်လမ်းပန်း လုပ်ငန်းအတွက် မဲ (၁၁၂) မဲ၊ အိမ်တိုင်ယာရောက်ရေပေးဝေရေး လုပ်ငန်းအတွက် မဲ (၆၂) မဲ စသည်ဖြင့် အသီးသီး ဖော်ထုတ်ခဲ့ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် PRA ရေးဆွဲနေပုံ



ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အစီအစဉ်ရေးဆွဲနေပုံ

ကော်မတီဝင်များစာရင်း

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကရင်ကြီး　　　　ကျေးရွာ။ ။ ၁၀မှာရာအင်းဆေးကွက်သစ်

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာ စီ/ထောက် | ဥက္ကဌ | ဦးဝင်းဖိုလ် | ၀၉-36306541 | - |
| ၂ | | ဥက္ကဌ | ဒေါ်သန်းသန်းမော် | ၀၉-459667202 | - |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးယုခင် | ၀၉-459667202 | - |
| ၄ | | အဖွဲ့ဝင် | ဒေါ်သင်းသင်းဦး | ၀၉-963558466 | - |
| ၅ | | အဖွဲ့ဝင် | ဒေါ်စုဇာသိမ့် | ၀၉455364938 | - |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်စန်းဝင်း | ၀၉-253346576 | - |
| ၇ | | အဖွဲ့ဝင် | ဦးစံထွန်း | ၀၉-962256278 | - |
| ၈ | | အဖွဲ့ဝင် | ဦးအောင်မင်းနိုင် | ၀၉-251034144 | |
| ၉ | လည်ပါတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းဝင်း | ၀၉-789364130 | - |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်စန်းစန်းဝေ | ၀၉-455734633 | - |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်အေးအေးသက် | | - |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးသိန်းဆွေ | ၀၉-250578341 | - |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးလှိုင်ဝင်း | ၀၉-456412124 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်တင်တင်မြိုး | ၀၉-455357734 | - |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးနိုင်ဝင်းထွန်း | ၀၉-790633634 | - |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်မြတ်မွန်ဦး | ၀၉-252095098 | - |

တာဝန်ကျဝန်ထမ်းများ - ဒေါ်ကြည်ဇာလင်း ၊ ဒေါ်နှင်းပိုပိုအောင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်၊* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးစိုးသိန်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကြည်လာလင်း |
|---|---|---|
| ~~ပြည်နယ်~~၊တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကစင်ကြီး | ကျေးရွာ သမ္ဘာရာအင်းလေးကွက်သစ် |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၇၂ | ဘာသာ (၁) ဗုဒ္ဓ | ၇၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - (၈) မ - (၁၃) | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၁၀၇ | ၁၂၂ |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၅၃ | ၁၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား ပုံ၊ပါ | ☐ | | ဝလီ | ☐ |
| | | | | | | | အခြား စမ္ဘာဂုံ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ မိုင်/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ------ ၁၅ မိနစ် ---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ရ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) world vision

(၂) မီးလင်းရေးအဖွဲ့

ကျေးရွာခေါင်းဆောင် — အမည် ဦးစိုးသိန်း

လက်မှတ် စိုး — နေ့စွဲ 4.12.16

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ကြည်ကလင်း

လက်မှတ် — နေ့စွဲ 4.12.16

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်ကလင်း ၊ ဒေါ်နှင်းပိုပို အောင် | | | |
| နေ့စွဲ 4.12.16 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ကံ့ဘလူ | ကျေးရွာအုပ်စု ကဗင်းကြီး | ကျေးရွာ သဲမှုကုန်းဆေးကွက်သစ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.12.16 | 4.12.16 | ၂၈ | ၃၇ | ၆၅ | ၆၅ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5.12.16 | 5.12.16 | ၁၃ | ၃၃ | ၄၆ | ၄၆ \| ဗမာ. |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 4.1.17 | 4.1.17 | ၁ | ၁ | ၂ | ၂ \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 28.2.17 | 28.2.17 | ၄ | ၈ | ၁၂ | ၁၂ \| ဗမာ. |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 9.3.17 | 9.3.17 | ၉ | ၉ | ၁၈ | ၁၈ \| ဗမာ. |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 9.3.17 | 9.3.17 | ၉ | ၉ | ၁၈ | ၁၈ \| ဗမာ. |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 9.3.17 | 9.3.17 | 9 | 9 | 18 | 18 | မမာ. |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 12.3.17 | 12.3.17 | 4 | 4 | 8 | 8 | မမာ. |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 9.3.17 | 9.3.17 | 9 | 9 | 18 | 18 | မမာ. |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 20.3.17 | 20.3.17 | 12 | 15 | 27 | 27 | မမာ. |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 30.3.17 | 30.3.17 | 10 | 9 | 19 | 19 | မမာ. |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 4.5.17 | 4.5.17 | 11 | 12 | 23 | 23 | မမာ. |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 14.5.17 | 14.5.17 | 10 | 9 | 19 | 19 | မမာ. |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 15.5.17 | 15.5.17 | 19 | 47 | 66 | 66 | မမာ. |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်အလင်း၊ ဒေါ်နှင်းပိုပိုအောင် | | | |
| နေ့စွဲ ၄ ● ၁၂ ● ၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ရခိုင် | ခရိုင် မြို့နယ် | ကျေးရွာအုပ်စု ကအင်းကြီး | ကျေးရွာ သမ္ဘာရာအင်းလေးကွက်သစ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း | ၁ | ဆက်သွယ်ရေးလမ်းများ အဆင်မပြေသောကြောင့် အလုပ်အကိုင်ရှားခြင်း |
| ၂ | အရင်း အမြစ်ရှားပါးခြင်း | ၂ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း |
| ၃ | အဆိုးရထောက်ပံ့မှု မရှိခြင်း | ၃ | အရင်းအမြစ်ရှားပါးခြင်း |
| ၄ | လျှပ်စစ်မီး မရှိခြင်း | ၄ | ဝင်ငွေ၊ ထွက်ငွေ မမျှခြင်း |
| ၅ | ငွေကြေးအခက်အခဲ ခြင်း | ၅ | ကျန်းမာရေးထောက်ပံ့ မည်သူ့မှ မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်း ကွန်ကရစ်လမ်း ဖြစ်ရမည် | ၁ | လျှပ်စစ်မီး လင်းရမည် |
| ၂ | အိမ်တိုင်ယာရောက်ရေပေးဝေရေး ရှိရမည် | ၂ | ဆာကြည့်တိုက် ရှိရမည် |
| ၃ | တာလုံးကွင်း အဆင့်မြင့်ရမည် | ၃ | ရွာ ဈေး ရှိရမည် |
| ၄ | မူကြို၊ ကျောင်း ရှိရမည် | ၄ | ဆေးပေးခန်း ရှိရမည် |
| ၅ | အသက်မွေးဝမ်းကြောင်းသင်တန်းများ ရှိရမည် | ၅ | အပ်ချုပ်၊ ပန်းထိုးသင်တန်းများ တက်ရောက်နိုင်ရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မီးကြိုး+ကြေးသီး+လက်ရန်း၊ အိတ်တိုင် ကွန်ကရစ်ဆောက်ခြင်း | အမျိုးသား+အမျိုးသမီး | — | ၂၂၉ |
| ၂ | ရွာတွင်းဆောင်းကျောက်လမ်း | အမျိုးသား+အမျိုးသမီး | ၃၂ သိန်း | ၂၂၉ |
| ၃ | အိမ်တိုင်ယာရောက်ရေပေးဝေရေး | အမျိုးသမီး | ၄၂၀ သိန်း | ၂၂၉ |
| ၄ | ရွာတွင်းကျောက်ခဲလမ်း | အမျိုးသား+အမျိုးသမီး | ၃၁၂ သိန်း | ၂၂၉ |
| ၅ | စာကြည့်တိုက် | အမျိုးသမီး | မြေနေရာ မရှိ | ၂၂၉ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ကြ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်နှင်း ပုပုအောင် ၊ ဒေါ်ကြည်အလင်း | | |
| နေ့စွဲ ၁၂ . ၃ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) ✓စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ကြံခင် | ကျေးရွာအုပ်စု<br>ကအင်းကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကအင်းကြီး | တွင်း+စက်+ စက်ရုံ+ရေဆင့် +ပိုက်သွယ်တန်းခြင်း | ၈၂"–၆၀'၊ ၆'×၅'×၇'စက်ရုံ၊ ၁၂'×၈'×၅' – ၁၀ဓာဖင့်၊၂၂၅၀' | ၃၇၄ | □အမျိုးသား<br>□အမျိုးသမီး<br>✓အမျိုးသားနှင့် အမျိုးသမီး | ၆၄.၇၁သိန်း | ၂၅၆,၁၂၉/ | | | ၆၇၂၆၁၂၉/ |
| သမ္ဘာရာအင်းစေ | တွင်း+စက်+ စက်ရုံ+ရေကန် +ပိုက်သွယ်ခြင်း | ၈၄"၊ ၈'×၇'×၇'စက်ရုံ ၁၀'×၈'×၆'ရေကန် ၂၂၀၀'ပိုက်သွယ်ခြင်း | ၂၇၆ | □အမျိုးသား<br>□အမျိုးသမီး<br>✓အမျိုးသားနှင့် အမျိုးသမီး | ၅၁ သိန်း | ၃၇၀,၇၉၀/ | | မြေယာလှူဒါန်းမှု | ၅၄၇၀၇၉၀ |
| သမ္ဘာရာအင်းစေ ကွက်သစ် | ရွာတွင်းလမ်း ချောင်းကျော် ခင်းခြင်း | ၂၃၁၀'× ၁၂'×၄" | ၂၂၉ | □အမျိုးသား<br>□အမျိုးသမီး<br>✓အမျိုးသားနှင့် အမျိုးသမီး | ၃၂ သိန်း | | – | | ၃၂ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက္ခ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဂျမ်းတောင်ယာ | ရွာတွင်းကွင်းကရင် အိုးလမ်းခင်း ဖြင်း | (၁၁၀၀' x ၂'၆" x ၆") x ၂ | ၂၁၈ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၇၅ ဒသိန်း | ၁၄၃,၉၄၀/- | | | [illegible]၄၃,၉၄၀/- |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး[illegible]

လက်မှတ် [signature] ရက်စွဲ ၁၂ ၊ ၃ ၊ ၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဒုတိယစီမံကိန်းစက်ဝန်း) ပထမအကြိမ်အစည်းအဝေး

ကခင်ကြီး အုပ်စု သမ္မာကုန်းလေးကွက်သစ်ကျေးရွာ ရက်စွဲ - ၄ . ၁၂ . ၁၆

ကျင်းပသည့်နေ့စွဲ - ၄ . ၁၂ . ၁၆

ကျင်းပသည့်အချိန် - နံနက် (၉ : ၃၀)

ကျင်းပသည့်နေရာ - ရွာဦး ဓမ္မာရုံ

လူထုစည်းရုံးရေးမှူး - ဒေါ်ကြည်ကလင်း

လက်ထောက်နည်းပညာမှူး - ဒေါ်နှင်းပိုပိုအောင်

## အစည်းအဝေးမှတ်တမ်း

| ဆွေးနွေးဆုံးဖြတ်ချက်များ |
| --- |
| သမ္မာကုန်းလေးကွက်သစ်ကျေးရွာ ပထမအကြိမ် ကျေးရွာအစည်းအဝေးပွဲကို (၄.၁၂.၁၆) နေ့တွင် ရွာဦးဓမ္မာရုံ၌ နံနက်(၉:၃၀) အချိန်တွင် စတင်ကျင်းပခဲ့သည်။ အစည်းအဝေးကို ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ စည်းရုံးရေးမှူးများမှ ကျေးရွာလူထုအား မိတ်ဆက်ခဲ့သည်။ စည်းရုံးရေးမှူး ဒေါ်ကြည်ကလင်းမှ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းမိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ စည်းရုံးရေးမှူး ဦးသန့်ဇင်ထွန်းမှ အဓိကတာဝန်ရှိသူများ၏ တာဝန်ဝတ္တရားများ၊ ကောင်းကျိုး၊ ဆိုးကျိုး အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ပထမနှစ်စီမံကိန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကော်မတီဝင်များအနေဖြင့် ယခုနှစ်တွင် |

# အစည်းအဝေးမှတ်တမ်း

ကျေးရွာ - သမ္ဗာရာဟင်းလေးကွက်သစ်

## ဆွေးနွေးဆုံးဖြတ်ချက်များ

သက်လက်တကဂနိုင်တမ်းဘောင်ရန် အစီအစဉ် ကို မှတ်တိုက်ကို မေးမြန်း ဆွေးနွေးခဲ့သည်၊ ကျေးရွာလူထုမှ ကော်မတီဝင်အချို့မှာ ပြန်လည်ပါဝင်များ ဖြစ်ပြီး ကျန်ကော်မတီဝင်များအား တပ်မရွေးချယ်မည်ဖြစ်ကြောင်း၊ အဆိုပြုနေစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ကော်မတီဝင်များအား အဆိုပြုနည်းဖြင့် ရွေးချယ်ခဲ့ကြပြီး နေ့လည် (၁၂:၀၀) နာရီတွင် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည် (၁:၀၀) နာရီအချိန်တွင် အစည်းအဝေးကို ပြန်လည်ကျင်းပခဲ့ပါသည်။ လူမှု အရင်းအမြစ်ပြ မြေပုံ၊ ရာသီခွင်ပြ ပြက္ခဒိန်၊ အဖွဲ့အစည်းဆိုင်ရာဆက်ဖြင့်၊ ပင့်ကူအိမ်ကွန်ယက် သုံးသပ်ချက်၊ အရင်းအမြစ် အသုံးပြုမှု၊ ထိန်းချုပ်မှု၊ ဥစ္စာဓန ခွဲသတ်မှတ်ချက်၊ စသော လူမှုအနိုးစစ် ချက်များကို ဝန်ထမ်းများမှ ဦးဆောင်၍ ကျေးရွာလူထုမှ ဝိုင်းဖွဲ့ ရေးဆွဲခဲ့ကြသည်။ ညနေ (၄:၀၀) တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးပွဲကို အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာခဲ့ပါသည်။

## လူထုဗဟိုပြုစီမံကိန်း

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ( ဒုတိယစီမံကိန်းစက်ဝန်း ) ဒုတိယ အကြိမ်မြောက်အစည်းအဝေး

ကာမင်းကြီး အုပ်စု သမ္မာအင်းလေးကွက်သစ်ကျေးရွာ ရက်စွဲ - ၅ . ၁၂ . ၁၆

ကျင်းပသည့် နေ့စွဲ - ၅ . ၁၂ . ၁၆

ကျင်းပသည့် အချိန် - နေ့လည် (၁၂:၀၀)

ကျင်းပသည့် နေရာ - ရွာဦးဓမ္မာရုံ

လူထုစည်းရုံးရေးမှူး - ဒေါ်ကြည်သာလင်း

လက်ထောက်နည်းပညာမှူး - ဒေါ်နှင်းပိုပိုအောင်

## အစည်းအဝေးမှတ်တမ်း

| ဆွေးနွေးဆုံးဖြတ်ချက်များ |
|---|
| သမ္မာအင်းလေးကွက်သစ် ကျေးရွာ ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေးပွဲကို (၅ . ၁၂ . ၁၆) နေ့တွင် ကျေးရွာဓမ္မာရုံ၌ နေ့လည် (၁၂:၀၀) နာရီတွင် စတင်ကျင်းပခဲ့ပါသည်။ ဂုဏ်မိဂုဏ်ဖ တစ်ဦးမှ အဖွင့်အမှာစကား ပြောကြားခဲ့သည်၊ စည်းရုံးရေးမှူးများမှ ဦးဆောင်၍ ကျေးရွာလူထုကို အမျိုးသား၊ အမျိုးသမီး အဖွဲ့ခွဲစေပြီး ကျေးရွာလူထု၏ မျှော်မှန်းချက် အခက်အခဲများကို ဖော်ထုတ်ခဲ့ကြသည်။ ထို့နောက် ဆက်လက်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်လက်ဆွေးနွေးခဲ့သည်၊<br>ထို့နောက် လက်ထောက်နည်းပညာမှူး ဒေါ်နှင်းပိုပိုအောင်မှ အကျုံးဝင်သော လုပ်ငန်း၊ အကျုံးမဝင်သော လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ သဘာဝဘေးအန္တရာယ်၊ လူမှုအန္တရာယ်များအကြောင်း. |

အစည်းအဝေးမှတ်တမ်း

ကျေးရွာ-

## ဆွေးနွေးဆုံးဖြတ်ချက်များ

ကို ဆက်လက်ရှင်းလင်းခဲ့သည်။

ကျေးရွာ၏ ဦးစားပေးအဆင့်များကို မဲနှိုက်ဖြင့် အတည်ပြုရွေးချယ်ခဲ့ကြသည်။ မဲနှိုက်ဖြင့်ရွေးချယ်ရာတွင် မီးကြိုး၊ ကြွေသီး၊ လက်ရုံး၊ ဓာတ်တိုင် ကွန်ကရစ်လောင်းခြင်း လုပ်ငန်းအား (၁၇၇) မဲဖြင့် ဦးစားပေး (၁) နေရာ၌လည်းကောင်း၊ ရွာတွင်း ချောင်းကျောက်လမ်း ပခုံး ကွန်ကရစ်လောင်းခြင်း လုပ်ငန်းအား (၁၁၂) မဲဖြင့် ဦးစားပေး (၂) နေရာ၌လည်းကောင်း၊ အိမ်တိုင်ရာရောက်ရေပေးဝေရေး လုပ်ငန်းအား (၆၂) မဲဖြင့် ဦးစားပေး (၃) နေရာ၌လည်းကောင်း၊ ရွာတွင်းကျောက်ချောလမ်း လုပ်ငန်းအား (၄၉) မဲဖြင့် ဦးစားပေး (၄) နေရာ၌လည်းကောင်း၊ စာကြည့်တိုက် တည်ဆောက်ခြင်း လုပ်ငန်းအား ( ) မဲဖြင့် ဦးစားပေး (၅) နေရာ၌လည်းကောင်း အသီးသီး ရွေးချယ်ခဲ့ပါသည်။

လုပ်ငန်းများနှင့်ပတ်သက်၍ လက်တွေ့ကွင်းဆင်းပညာရှင်များမှ ကျေးရွာလူထုနှင့် အစားထိုးတိုင်ပင်ဆွေးနွေးခဲ့ပါသည်။ ညနေ (၄:၀၀) နာရီ အချိန်တွင် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးပွဲကို အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာခဲ့ပါသည်။

ထို့နောက် ကော်မတီဝင်များမှ လက်မှတ်ရေးထိုးခြင်း၊ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်း၊ လုပ်ငန်းနေရာများသို့ ကော်မတီဝင်များနှင့် ဝန်ထမ်း လိုက်လံတိုင်းတာမှုများပြုလုပ်ခဲ့ပါသည်။

# ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | အိမ်တိုင်ရာရောက်ရေ ပေးဝေရေး | အမျိုးသမီး | ၂၀၁၉ | ကျေးရွာလူထု | [illegible] |
| | ၂ | ရွာတွင်းချောင်းကျောက်ကာလမ်း | အမျိုးသား<br>အမျိုးသမီး | ၂၀၁၇ | 〃 | 〃 |
| | ၃ | ရွာတွင်းကျောက်ချောလမ်း | အမျိုးသား<br>အမျိုးသမီး | | | |
| | ၄ | စာကြည့်တိုက် | အမျိုးသမီး | | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | မွေးမြူရေး အထောက်အပံ့ | အမျိုးသမီး | | | |
| | ၂ | ကျေးရွာဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုအထောက်အပံ့ | အမျိုးသား | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကိုယ်ဝန်ဆောင်များအတွက် [illegible] | အမျိုးသမီး | | | |
| | ၂ | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးကြိုး၊ ကြွေသီး၊ လက်ဂုန်း၊ [illegible] | အမျိုးသား<br>အမျိုးသမီး | ၂၀၁၈ | 〃 | 〃 |
| | ၂ | အသေးစားချေးငွေ | အမျိုးသမီး | | | |
| | ၃ | အကြီးစားချေးငွေ | အမျိုးသား | | | |
| | | | | | | |
| | | | | | | |